


ဟောကြားသူ၊
ဉက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန်

# ကျွန်ုပ်တော်တို့၏ယနေ့ကမ္ဘာတွင် ရှေ့ဆောင်လမ်းပြသူများ လိုအပ်လျှက်ရှိသည်

၁၈၄၇ ခုနှစ်မှာ အစပြုခဲ့တဲ့ ကနဦး အသင်းသားများရဲ့ ခရီးဟာ၊ နာဗူး၊ ကတ်တလင်၊ အနာက်ဒေသ၊ သို့မဟုတ် နယူးယောက်မြို့ကသာစတင်ခဲ့တာမဟုတ်ပဲ၊ အသင်းဝင်အများစုရဲ့ ခရီးဟာ အင်္ဂလန်၊ စကော့တလန်၊ စကင်ဒီနားဗီးယား၊ သို့မဟုတ် ဂျာမဏီကနေ စတင်ခဲ့ပါတယ်။ ကလေးသူငယ်များ အနေနဲ့ကတော့ သူတို့ရဲ့မိဘတွေမှာရှိတဲ့ မိမိတို့မိသားစု၊ မိတ်ဆွေသဟာများနဲ့၊ ပျော်ရွှင်ဖွယ်ကောင်းသော စိတ်ချရတဲ့ဘဝကို စွန့်ပစ်နိုင်လောက်အောင် ကြီးမားတဲ့ယုံကြည်ခြင်းကို နားလည်မှာမဟုတ်ပါဘူး။

ကလေးငယ်တစ်ယောက်အနေနဲ့ "အမေ၊ ဘာလို့အိမ်ကို စွန့်ခွာသွားကြရမှာလဲ၊ ကျွန်တော်တို့ ဘယ်ကို သွားကြမှာလဲ" ဆိုပြီး မေးတတ်မှာပါ။

"မြတ်နိုးစရာ သူငယ်များ၊ လာကြကုန်လော့၊ ဘုရားသခင်မြို့တော် ဇိအုန်တောင်ကို ငါတို့သွားကြမည်။"

စိတ်ချမ်းမြေ့စရာကောင်းတဲ့ မိမိတို့အိမ် နဲ့ ဘုရားသခင်ဂတိထားတဲ့ နေရာကိုတော့ အင်မတန် ကြမ်းတမ်းခက်ထန်တဲ့ အတ္တလန်တိတ် သမုဒ္ဒရာကြီးကခြားထားပါတယ်။ အဲဒီ အန္တရာယ်များစွာကြားက ဖြတ်သန်းရင်း ရင်ဆိုင်တွေ့ကြုံခဲ့ရတဲ့ ထိတ်လန့် ကြောက်ရွံ့မှုတွေကို ဘယ်သူပြန်ပြီးပြောပြနိုင်မလဲ။ သန့်ရှင်းသောဂိညာဉ်တော်ရဲ့ လှုံ့ဆော်မှုနဲ့ အတူ ယုံကြည်ခြင်းကို မှီခိုအားကိုး ပြီး ကနဦးသူတော်စင်များ ဟာဆိုရင် ဒီခရီးကို စတင်ခဲ့တာဖြစ်ပါတယ်။

အဆုံးမှာ နာဗူးဒေသကို ရောက်ပြန်တော့လဲ၊ ခက်ခဲမှုကို ရင်ဆိုင်ဖို့ တဖန် ထွက်ခွါခဲ့ရပြန်ပါတယ်။ နာဗူးပြည်နယ်ကနေ ဆော့လိတ်စီးတီး တစ်လျှောက်လုံးမှာရှိတဲ့ ကျောက်သားဂူများစွာကို ကြည့်ခြင်းအားဖြင့်၊ ကနဦးသူတော်စင်များရဲ့ သချိုင်းများစွာကိုမြင်တွေ့ရပါတယ်။ ဤမျှထိ တိုင်အောင် ကနဦးအသင်းသားများက ပေးဆပ်ခဲ့ရပါတယ်။ သူတို့တွေရဲ့ ရုပ်ကလာပ်တွေကိုတော့ ငြိမ်းချမ်းစွာမြုပ်နှံခဲ့ပြီး၊ သူတို့ရဲ့နာမည်ကတော့ ထာဝရရှင်သန်နေပါတယ်။

နွားများလည်းပင်ပန်း၊ လည်းများလည်း အသံတမြည်မြည်၊ သတ္တိနဲ့ ပြည့်စုံတဲ့ယောကျ်ားသားများလည်း မောပန်းနွမ်းနယ်၊ စစ်ခေါ်သံကဆူဆူ ညံညံ နှင့်၊တောခွေးဟောင်သံများကို လည်းကြားခဲ့ရပါတယ်။ သို့သည့် တိုင်အောင် ခက်ခဲသော်လည်း ယုံကြည်ခြင်းအားဖြင့် ရှေး ကနဦးအသင်းသားများ ဆက်လက် ခရီးနှင်ခဲ့ပါတယ်။

လာကြကုန်လော့ သူတော်စင်များ၊ ခဲယဉ်းကြောက်ရွံ့ခြင်းကင်း၊ လျှောက်ကြကုန်၊ ဝမ်းမြောက်စွာ၊

ခဲယဉ်းသဖွယ် ဤခရီးဖြစ်ပေသောလည်း၊
ကျေးဇူးတော် သင့်အတွက် လောက်ပေ၏။..
ကောင်းပေသည်၊ ကောင်းပေသည်၊ ဆိုတဲ့သီချင်းကိုလည်း ကနဦး သူတော်စင်များ သီဆိုလေ့ ရှိပါတယ်။

ကနဦးအသင်းသားများဟာ ဘုရားသခင်ရဲ့စကားကို အမြဲအောက်မေ့ သတိရခဲ့ပါတယ်၊ "ငါ၏လူမျိုးတို့သည် များစွာသောစမ်းသပ်ခြင်းကို ခံရပေမည်၊ ထိုသို့အားဖြင့် သူတို့အတွက် ငါပြင်ဆင်ထားသော ဘုရားသခင် နိုင်ငံတော်၏ ဘုန်းကျက်သရေရန် သူတို့ကို ငါပြင်ဆင်ထားပြီ။"

အချိန်ကုန်လွန်လာတာနဲ့ အမျှ၊ ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်တွေလည်း တဖြည်းဖြည်းကွယ်ပျောက်ပြီး၊ ကျွန်တော်တို့အတွက် အနစ်နာခံ အဖိုးအခ ပေးခဲ့သူများရဲ့ လုပ်ဆောင်မှုကိုလည်း တဖြည်းဖြည်းချင်း မေ့လျော့တတ်ကြပါတယ်။ ဒါပေမယ့် ယနေ့ခေတ်မှာရော အခက်အခဲတွေမရှိကြဘူးလား။ ယနေ့မှာ နှင်ရမယ့် ခရီးကြမ်း၊ ကျော်ဖြတ်ရမယ့် တောင်တန်း၊ ကျော်လွှားရမယ့် ချိုင့်ဝှမ်း၊ ဖြတ်သန်းရမယ့် မြစ်စီးချောင်းများ မရှိကြဘူးလား။ ဒါမှမဟုတ် ဇိအုန်ကို အန္တရာယ်ကင်းစွာနဲ့ရောက်ရှိရန် ကနဦး အသင်းသားများရဲ့ သွန်သင်ချက်နဲ့ ပုံဥပမာတွေကို ကျွန်တော်တို့လိုအပ် နေပါသလား။

ဒုတိယကမ္ဘာစစ်အလွန် ဆယ်စုနှစ်များစွာအတွင်းမှာ၊ ကိုယ်ကျင့်တရား ပျက်ပြားမှုတွေဟာ ပိုပြီးများပြား လာပါတယ်။ ရာဇဝတ်မှုတွေလည်းတိုးမြင့်ပြီး ယဉ်ကျေးမှုလည်း နိမ့်ဆင်းသွားပါတယ်။ များစွာသော လူတွေဟာ မိုးပျံရထားစီးသလိုပဲ၊ ခဏတာကျေနပ်မှုအတွက် ထာဝရပျော်ရွှင်မှုကို စွန့်လွှတ်နေကြပါတယ်။ ဒီလိုနဲ့ ငြိမ်သက်ခြင်းဟာ ကျွန်တော်တို့နဲ့ဝေးကွာသွားပါတယ်။

ဂရိ နဲ့ရောမလူမျိုးတွေ တစ်ချိန်က ဤကမ္ဘာကြီးဘယ်လိုအုပ်စိုးခဲ့ပြီး၊ ဘယ်လိုနဲ့ သူတို့ရဲ့ အောင်နိုင်မှု "ပျင်းရိခြင်းနဲ့ အားနည်းချက်များ" အဆုံးသတ်ခဲ့ရတယ်ဆိုတာကို ကျွန်တော်တို့ မေ့လျော့တတ်ကြပါတယ်။ အဆုံးမှာတော့ လွတ်လပ်မှုထက် အဆင်ပြေတဲ့ ဘဝကိုသာ လိုချင်ခဲ့တဲ့ သူတို့ရဲ့ စိတ်တွေကြောင့်၊ အဆင်ပြေမှု၊ လွတ်လပ်မှုနှင့် လုံခြုံမှုတွေအားလုံးကို ဆုံးရှုံးခဲ့ကြပါတယ်။

စာတန်ရဲ့ ဖျားယောင်းသွေးဆောင်မှုကို မလိုက်ပဲ၊ သမ္မာတရားအတွက် ရပ်တည်ပါ။ အပြစ်ရဲ့ဖျားယောင်း သွေးဆောင်မှုတွေကိုလိုက်လျှောက် နေမယ်ဆိုရင်ဖြင့်၊ နလုံးသားရဲ့ တောင့်တမှုတွေကို ဘယ်သော အခါမှ ရရှိနိုင်မှာ မဟုတ်ပါဘူး။ အပြစ်ကဘယ်သောအခါမှ ဖြောင့်မတ်ခြင်းကို

မပေးနိုင်ပါဘူး။ မုန်းတီးမှုအားဖြင့် ချစ်ခြင်းကိုမရနိုင်ပါဘူး။ ကြောက်ရွံ့ခြင်းဖြင့် ရဲရင့်ခြင်းကို မရနိုင်ပါဘူး။ သံသယစိတ်ဖြင့်လည်း ယုံကြည်ခြင်းကို ဘယ်တော့မှ မရနိုင်ပါဘူး။

ငမိုက်သားများက ကာမဂုဏ်စောင့်ထိန်းခြင်း၊ ရိုးသားခြင်းနှင့်၊ ဘုရားသခင်ရဲ့ပညတ်အား လိုက်လျှောက်ခြင်းအပေါ် ပျက်ရယ်ပြုခြင်းဟာ လူတစ်ချို့အတွက်ခံရခက်ပါတယ်။ သို့သော် ဤအရာတွေဟာ လောကရဲ့သဘာဂပါ။ နောဧကို သင်္ဘောတည်ဆောက်ဖို့ ဘုရားသခင်စေခိုင်းတဲ့အခါ၊ တိမ်သားမဲ့တဲ့ကောင်းကင်ကို ကြည့်ပြီး သူ့ကို ပျက်ရယ်ပြုခဲ့ကြပါတယ်။ တကယ်မိုးရွာလာတဲ့အချိန်ထိတိုင်ပါပဲ။

ဒီလို သင်ခန်းစာတွေကို ကျွန်တော်တို့ထပ်ခါသလဲလဲ ကိုယ်တွေ့ လေ့လာကြရမှာလား။ အချိန်ပြောင်းသွားသည့်တိုင် သမ္မာတရား၊ အမှန်တရား ဆက်လက်တည်ရှိပါတယ်။ အတိတ်ရဲ့ပုံဥပမာတွေပေါ် သင်ခန်းစာ မယူတတ်ရင်၊ ကျွန်တော်တို့ ကိုယ်တိုင် ပြင်းပြသော နာကျင်ခြင်း ဝေဒနာများကိုခံစားကြုံတွေ့ရပြီး ပျက်စီးခြင်းသို့တိုင်မည်ဖြစ်ပါတယ်။ ကယ်တင်ခြင်းကို မလိုလားတဲ့ စာတန်ကို နာခံခြင်းထက်၊ အစနဲ့အဆုံးကို သိမှတ်တော်မူပြီး၊ ကယ်တင်ခြင်း အစီအစဉ်ကို ရေးဆွဲခဲ့တဲ့ သခင်ဘုရားကို နာခံရန် မသင့်ပေဘူးလား။

အဘိဓာန်တစ်ခုက ကနဦးလူကို "နောင်လာနောင်သားများအတွက် လမ်းပြင်ဆင်ရန် ယခင်သွားနှင့် သူများ" လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ယခင်မျိုးဆက်ရဲ့ ရှေ့ဆောင်လမ်းပြသူများရဲ့ သတ္တိ၊ ရည်ရွယ်ချက်နဲ့၊ ခိုင်မာတဲ့ ကိုယ်ကျင့်တရားတွေကိုအတုယူကြရအောင်။ သင်နဲ့ကျွန်ုပ် ရှေ့ဆောင် လမ်းပြနိုင်မလား။

ထိုသို့ ရှေ့ဆောင်လမ်းပြဖို့ရန် သင်နဲ့ကျွန်ုပ်တတ်စွမ်းနိုင်ပါတယ်။ ရှေ့ဆောင်လမ်းပြသူတွေကို ကျွန်တော်တို့ လောကမှာ အလွန်လိုအပ်ပါတကား။

### မှတ်ချက်

၁။ "သန့်ရှင်းသူများ လာကြလော့" ဓမ္မသီချင်း အမှတ် ၃၀။
၂။ ယုံကြည်ခံယူချက် ကျမ်း ၁၃၆း ၃၁။
၃။ အော့စဖော့ အင်္ဂလိပ် အဘိဓာန်၊ ဒုတိယ အကြိမ်ထုတ်ဝေခြင်း။ (၁၉၈၉)၊ "ရှေ့ဆောင်"

---

## ဤ သတင်းစကားမှ သင်ကြားခြင်း

ကျမ်းစာအဆိုရှိပါတယ်၊ မိသာဟာရပြုသင်ကြားသူများဟာ "အယောက်တိုင်းကို သတိပေး၊သွန်သင်၊ တိုက်တွန်း ပြီး၊ ခရစ်တော်ထံ သို့လာရန် ဖိတ်ခေါ်ရမှာ ဖြစ်ပါတယ်။" (ယုံကြည်ခံယူချက် ၂ဝး၅၉)။ သင်မိတ်သဟာရပြုများအတွက် ဥက္ကဋ္ဌ မွန်ဆွန်ဟောကြားသွားတဲ့ သတိပေးချက်နဲ့၊ ဖိတ်ခေါ်ချက်များကို စဉ်းစားပါ။ သူတို့နဲ့ဆွေးနွေးရာမှာ ဖြောင့်မတ်သော ဥပမာများကိုလိုက်ပြီး၊ ဖျားယောင်းခြင်းကို ရှောင်ကြဉ်နိုင်ရန် နှင့်၊ အခြားသူများရဲ့ အတွေ့အကြုံပေါ် သခင်ခန်းစာယူရန် သွန်သင်သင့်သည်။ သင်မိတ်သဟာပြုသူများကို ဘယ်လိုအားဖြင့် ဤနေ့ရဲ့ ရှေ့ဆောင်များ ဖြစ်လာနိုင်မယ်ဆိုတာကို သွန်သင်ပါ။

ကလေးသူငယ်များအနေနှင့် ရှေ့ဆောင်သူများ၏အကြောင်းလေ့လာရာတွင်၊ ယခုထုတ်စာစောင်၏ စာမျက်နှာ ၆၂ ရှိ (ခရီးတစ်လျှောက်) ကို ဖတ်လျှင်ပို၍ အဆင်ပြေပါမည်။

## လူငယ်ကဏ္ဍ

### ယုံကြည်ခြင်းဖြင့်လျှောက်လှမ်းခြင်း

ဟောကြားသူ မယ်ဂီ အာလ်

ရှေ့ဆောင်သူများ နေထိုင်ခဲ့ရာ အမေရိကန်ပြည်ထောင်စု၊ နဘားရားစကား ပြည်နယ်ရှိ၊ ဆောင်းအရပ်ပေါ် လျှောက်ခဲ့တဲ့ အဲဒီနေ့ကို ကျွန်မဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ အဲဒီရင်ပြင်ဟာ ဆိုရင် ဗိမ္မာန်တဖွယ် မွန်မြတ်လှပါတယ်။

အဲဒီမော်ကွန်းကို သွားတော့ ကျွန်မမျက်ရည် တဂဲဂဲဖြစ်ခဲ့ရပါတယ်။ ကျွန်မရှေ့မှာတော့ ရုပ်တုတစ်ခုပါ။ ဒါပေမယ့်မျက်ရည်တွေကြောင့် ကောင်းကောင်းမမြင်ခဲ့မိဘူး။ မျက်ရည်သုတ်လိုက်တဲ့အခါမှာတော့၊ ဂမ်းနည်းနေတဲ့ ယောကျ်ား နဲ့ မိန်းမ ရုပ်ကို မြင်ခဲ့ရပါတယ်။ အနီးကပ်ကြည့်လိုက်တော့ သူတို့ရဲ့ ခြေရင်း မှာ သင်ချိုင်းထဲလဲနေတဲ့ ကလေးငယ်ကို တွေ့မိပါတယ်။

ဒီဟာကို တွေ့ရတော့ ဂမ်းနည်း၊ ဒေါသထွက်ပြီး၊ ဂမ်းသာ၊ ကျေးဇူးတင်မိတဲ့ စိတ်တွေခံစားခဲ့ရပါတယ်။ ဒီ သူတော်စင်တွေတွေ့ကြုံခဲ့ရတဲ့ ဝေဒနာတွေကို ပျောက်ကင်းစေလိုခဲ့သလို၊ တစ်ချိန်တည်းမှာပဲ ဧဝံဂေလိအတွက် သူတို့ ရဲ့ ပေးဆပ် အနစ်နာခံမှု တွေကို ကျေးဇူးတင်မိပါတယ်။

ဆောင်းအရပ်မှာ ရခဲ့တဲ့ ကျွန်မရဲ့အတွေ့အကြုံကြောင့် နားလည်ခဲ့ရတာကတော့၊ ကောင်းကင်ဘုံရှင် အဘက သူ့ရဲ့သားသမီးများအတွက် ဧဝံဂေလိတရားကို ပေးပြီး၊ လွပ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားတာကို တွေ့ရပါတယ်။ အဲဒီကလေး ရဲ့ မိဘနှစ်ပါးက ဒုက္ခခံစရာမလိုတဲ့ လမ်းကို ရွေးချယ်လို့ ရပါတယ်။ ပုရာဖက်စကားကိုနာခံပြီး၊ ဧဝံဂေလိအတိုင်း အသက်ရှင်ဖို့ ဒီလူတွေဟာ မိမိတို့ရဲ့ ကလေးသေဆုံးချိန်မှာတောင် ရှေ့ကို ဆက်လျှောက်ခဲ့ရပါတယ်။ သို့သည့်တိုင် ဧဝံဂေလိတရားတော်ကို လိုက်လျှောက်ပြီး၊ ဒုက္ခ သုခကို လက်ခံခဲ့ပါတယ်။ သူတို့ရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေဟာ မျော်လင့်ခြင်း နဲ့ ယုံကြည်ခြင်းကြောင့်ဆိုတာကို ကျွန်မ သိခဲ့ရပါတယ်။ တောက်ပတဲ့အနာဂတ်ကို မျော်လင့်ခြင်းနဲ့၊ သခင်ဘုရားကို ယုံကြည်ခြင်းတို့ဖြစ်ပါတယ်။

ဤစာစောင်ရေးသူ၏ နေရပ်မှာ မြောက် ကယ်ရိုလိုင်း၊အမေရိကန်ပြည်ထောင်စု ဖြစ်ပါသည်။

## ကလေးများကဏ္ဍ

### ရှေ့ဆောင်လမ်းပြသူတစ်ဦးဖြစ်ပါစေ

ရှေ့ဆောင်သူ ဟူသည် အခြားသူများလျှောက်ရန် လမ်းခင်းပေးသူဖြစ်သည်လို့ ဥက္ကဋ္ဌ မွန်ဆွန်က ဆိုထားပါတယ်။ ဤပုံပါ ကလေးသူငယ်များ အမှန်တရားအတွက်ရပ်တည်ပြီး၊ သူတစ်ပါးအား ရှေ့ဆောင်လမ်းပြပေး သူများဖြစ်ဖို့ရန် ဘယ်လိုစွမ်းဆောင်သင့် ပါသလဲ။ သင့်ရဲ့ အဖြေများကို သင်ကိုယ်တိုင်ရေးချ၍ သင်၏မိသားစုနှင့်အတူ မျှဝေပါ။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။
ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, July 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10667 256

# ဇေ၀ံဂေလိတရားအား လေ့လာခြင်းနှင့် သွန်သင်ခြင်း

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု

ဤ သင်ရိုးညွှန်းတမ်းပါ အရာများကို ဆုတောင်းခြင်းနှင့် အတူလေ့လာပြီး၊ အချိန်အခါသင့်ပါက၊ သင်မိသာဟာရပြုသော ညီအမများနှင့် အတူ ဆွေးနွေးဝေငှပါ။ ဤ အရာပါ မေးခွန်းများကို အသုံးပြုပြီး ညီအမများကို ခွန်အားပေးပါ။ ထို့အပြင်ဤ မေးခွန်းများမေးခြင်းဖြင့် အမျိုးသမီးအဖွဲ့ကို သင့်ဘဝရဲ့ အရေးပါတဲ့ အခန်းတစ်ရပ် ဖြစ်ဖို့ရန် ဖန်တီးပါ။ ထပ်မံလေ့လာမှုများကို ပြုလိုပါက reliefsociety.lds.org ကိုကြည့်ရှုနိုင်ပါတယ်။

ယေရှုခရစ်တော်ဟာ အမွန်မြတ်ဆုံးသော ဆရာတစ်ပါးပါ။ အမျိုးသမီးများအား သွန်သင်ရာတွင်ဂေင်း၊ လမ်းများပေါ်တွင် သွန်သင်ရာ၌လည်းကောင်း၊ မြစ်ချောင်းကမ်းပါးပေါ်၌ သွန်သင်ရာတွင် လည်းကောင်း၊ နေအိမ်များ၌ သွန်သင်ရာတွင် လည်းကောင်း ကျွန်မတို့အတွက် ပုံဥပမာကို ပြသခဲ့ပါတယ်။ အမျိုးသမီးများအပေါ် ကြင်နာမှုကို ပြသခဲ့ပြီး၊ သူတို့ရဲ့ မိသားစုများကိုလည်းကျန်းမာစေခဲ့ပါတယ်။

မာရိနဲ့မာသကိုလည်း သူ၏ တပည့်တော်များဖြစ်ပြီး၊ ကယ်တင်ခြင်းကို မြည်းစမ်းရန် ဖိတ်ခေါ်ခဲ့ပါတယ်။ ရှင်လုကာ ၁၀း၄၂ မှာ "သူတို့အထံမှ အဘယ်သူမျှမယူရ" လို့ရေးထားပါတယ်။

ကျွန်မတို့ရဲ့ နောက်ပိုင်းကာ ကျမ်းစာမှာ တစ်ဦးကိုတစ်ဦး ကောင်းကင်နိုင်ငံတော်နှင့် စပ်လျဉ်းသော အရာများသွန်သင်ကြဖို့ ပညတ်ထားပါတယ်။ ယုံကြည် ခံယူချက် ၈၈း ၇၇။ လေ့လာခြင်း သင်ယူခြင်းနဲ့ပါတ်သက်ပြီး၊ အထွေထွေကလေးသူငယ်သင်တန်း ဥက္ကဋ္ဌ အဖွဲ့၏ ဒုအကြံပေးပုဂိုလ်၊ ချယ်ရီ အေ အက်စပလင်က၊ "ဧ၀ံဂေလိတရားကို စုံလင်စွာ နားလည်ရန်လေ့လာရာတွင်၊ ဘ၀တစ်လျှောက်လုံး လုပ်ဆောင်သွားရမည်ဖြစ်ပြီး၊ တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်လာမှာဖြစ်တယ်" လို့ပြောခဲ့ပါတယ်။ ၂နီဖိုင်း ၂၈း၃၀။ [၃]

ကျွန်မတို့ လေ့လာ သင်ယူ ဆုတောင်းမည်ဆိုပါက၊ သန့်ရှင်းသောဂိညာဉ်တော်၏ တန်ခိုးနဲ့ သင်ကြားနိုင်မှာ ဖြစ်ပြီး၊ သန့်ရှင်းသောဂိညာဉ်တော်က လူတိုင်းရဲ့ စိတ်နှလုံးကို တို့ထိသွားမှာ ဖြစ်ပါတယ်။

## ကျမ်းပိုဒ်များမှ

အယ်မာ ၁၇း၂-၃၊ ၃၁း၅၊ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၄၂း၁၂၊ ၈၄း၈၅

## ကျွန်ုပ်တို့၏ သမိုင်းမှ

အမျိုးသမီးများအနေနဲ့၊ အိမ်၌လည်းကောင်း၊ အသင်းတော်၌လည်းကောင်း၊ သင်ကြားပို့ချရမယ့်တာဝန်ရှိတယ်လို့ ကျွန်မတို့ရဲ့ ပရောဖက်တွေကဆိုခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်စက်တင်ဘာလ မှာ၊ ဥက္ကဋ္ဌ စပင်ဆာ ဒဘလူ ကင်းဘော (၁၈၉၅-၁၉၈၅) က ကျမ်းတတ်အမျိုးသမီးများဖြစ်ဖို့တိုက်သွန်းခဲ့ပါတယ်။ ဥက္ကဋ္ဌ က "အများသူကို နှိမ်ရန်မဟုတ် ပဲ ဖေးမကူညီနိုင်ရန် ကျမ်းတတ်အမျိုးသမီးများဖြစ်ကြလော့။ တကယ်တော့ သူတစ်ပါးကို ပြုစုပျိုးထောင်သော အလုပ်ကို လုပ်ရသော အမျိုးသမီးများမှ အပ အဘယ်သူသည် သမ္မာတရားနှင့် ဧ၀ံဂေလိတရားတော်ကို သိုလှောင်ထားသင့်သနည်း။" လို့ဆိုခဲ့ပါတယ်။ [၄]

ကျွန်မတို့အားလုံးဟာ လေ့လာသူ နဲ့ သင်ကြားပို့ချသူများဖြစ်ပါတယ်။ ပရောဖက် နှုတ်ထွက်စကားနဲ့ ကျမ်းစာပါအရာများကို သွန်သင်တဲ့အခါ၊ လူအများကို ခရစ်တော်ထံသို့ လာရန်ကူညီနိုင်ပါတယ်။ အဓိပ္ပါယ်နက်နဲတဲ့ မေးခွန်းကိုတွေးပြီး၊ လေးလေးနက်နက် နားထောင်တဲ့အခါ၊ ကျွန်မ်တို့ဘ၀ အတွက်လိုအပ်တဲ့အဖြေကို ရတတ်ပါတယ်။

### မှတ်ချက်

၁။ ငါ၏နိုင်ငံတော်၏ သမီးများ၊ အမျိုးသမီးများအဖွဲ့နှင့် ၎င်း၏ စွမ်းဆောင်မှု သမိုင်း(၂၀၁၁)၊ ၃။ ကိုကြည့်ပါ။

၂။ ငါ၏ နိုင်ငံတော်၏ သမီးများ၊ ၄

၃။ ချယ်ရီ အေ အက်စပလင်၊ "ကလေးသူငယ်များနားလည်ရန် သွန်သင်ခြင်း"၊ လိုင်ယာဟိုးနားနှင့် အင်ဖိုင်း မေလ ၂၀၁၂၊ စာမျက်နှာ ၁၂။

၄။ စပင်ဆာ ဒဘလျူ ကင်းဘော၊ ငါ့နိုင်ငံတော်၏ သမီးများ။

### ကျွန်မဘာပြုရမလဲ

၁။ သင်ကြားပို့ချသူ ဖြစ်လာရန် ဘယ်လိုပြင်ဆင်နေပါသလဲ။

၂။ ကျွန်မဦးဆောင်နေတဲ့ ညီမများကို ကျွန်မသက်သေခံချက် ဝေငှပါသလား။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *Visiting Teaching Message, July 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10667 256